# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၂/ ၂၀၂၁)
# ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
# (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း (၃)၊ (၄)၊ (၅) နှင့် (၆) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

Myanmar Law Information System (MLIS)